**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

ဩဂုတ်လ (၁၂) ရက်၊ ၂၀၂၁ ခုနှစ်
လားခု လဆန်း (၅) ရက်၊ ၂၇၆၀ ခုနှစ်

## ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမှုတူးစေးဖိုး၏ (၇၁) နှစ်မြောက် ကရင့်အမျိုးသား အာဇာနည်နေ့သို့ပေးပို့သောသဝဏ်လွှာ

**မျိုးချစ်ကရင်အမျိုးသားခေါင်းဆောင်များ၊ ရဲဘော်များ၊ ကရင့်အမျိုးသားများနှင့် ပြည်သူလူထု အပေါင်းတို့၊**

ယနေ့ ၂၀၂၁ ခုနှစ် ဩဂုတ်လ (၁၂) ရက်နေ့သည် (၇၁) နှစ်မြောက် **ကရင့်အမျိုးသား အာဇာနည်နေ့** ဖြစ်ပါတယ်။ကရင်အမျိုးသားများ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေးအတွက် အသက်ပေးလှူခဲ့ကြသောဥက္ကဋ္ဌကြီး စောဘဦးကြီးနှင့်တကွကရင့်အမျိုးသားခေါင်းဆောင်များ၊စစ်သည်တော်များနှင့်ကရင့်ပြည်သူလူထုတစ်ရပ်လုံးကို အောက်မေ့ဂုဏ်ပြုသည့် **ကရင့်အမျိုးသား အာဇာနည်နေ့** အထိမ်းအမှတ် ဖြစ်ပါတယ်။ ယနေ့သည် ကရင့်အမျိုးသားများအတွက် ဝမ်းနည်းကြေကွဲဖွယ်ရာ နေ့တစ်နေ့ဖြစ်သကဲ့သို့ကရင့်အမျိုးသားများအတွက်မိမိတို့၏ယုံကြည်ချက်နှင့် ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးအတွက် အသက်ကို စွန့်လွှတ်၊ အချိန်၊ ငွေကြေး၊ စည်းစိမ်ဥစ္စာနှင့်အသက်ခန္ဓာများကို ပေးဆပ်ခဲ့ကြသော မျိုးချစ် ခေါင်းဆောင်များ၊ စစ်သည်တော်များနှင့် ကရင့်ပြည်သူလူထုများ ရှိနေခြင်းကြောင့် ဂုဏ်ယူဝမ်းမြောက် ရသည့် နေ့ တစ်နေ့လည်း ဖြစ်ပါသည်။

**မျိုးချစ် ကရင့်အမျိုးသား ခေါင်းဆောင်များ၊ ရဲဘော်များ၊ ကရင့်အမျိုးသားများနှင့် ပြည်သူလူထု အပေါင်းတို့၊**

အရာရာတိုင်းဟာ သူ့တန်ဖိုးနဲ့သူ ရှိနေကြပါတယ်။ အာဇာနည်များရဲ့ ပေးဆပ်မှုများ၊ သွေးမြေ ကျမှုများ၊ အနစ်နာခံမှုများနဲ့ ကရင့်အမျိုးသားများရဲ့ အမျိုးသားရေး ကြိုးပမ်းမှုတွေမှာ ပါဝင်ဆင်နွှဲနေကြခြင်းကလည်း မိမိအမျိုးသား လွတ်မြောက်ရေးအတွက် တန်ရာတန်ဖိုးနဲ့ ကျရာ အခန်းကဏ္ဍကနေ ပေးဆပ်နေကြရတာပဲ ဖြစ်ပါတယ်။ မည်သည့်အရာကိုမဆို တန်ရာတန်ကြေး ပေးပြီး ရယူကြရပါတယ်။ ဒါကြောင့်၊ ယခုလို အခါသမယမှာ မိမိတို့ အမျိုးသားများရဲ့ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်အတွက် ယုံကြည်ချက်နဲ့ ရည်မှန်းချက်ပန်းတိုင်အတိုင်း အသက်ဆုံးခန်းတိုင်သည်အထိ မားမားမတ်မတ် ရပ်တည်ပေးဆပ်ခဲ့ကြတဲ့ ကရင့်အာဇာနည်များအတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

မိမိတို့ ကရင့်အမျိုးသားများရဲ့ လိုအင်ဆန္ဒနဲ့ နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်များ ပြီးပြည့်စုံစေဖို့အတွက် ခေတ်အဆက်ဆက်က မိမိတို့ရဲ့ အမျိုးသားခေါင်းဆောင်များ အနေနဲ့ နည်းမျိုးစုံ ကြိုးပမ်းအားထုတ်ခဲ့ကြပါတယ်။ မလွဲမရှောင်သာတဲ့ အခြေအနေ အရပ်ရပ်ကြောင့် မိမိတို့ ကရင့်မျိုးသားများရဲ့ အသက် နဲ့ ဒိုးအိမ်စည်းစိမ်တွေကို ကာကွယ်တဲ့ အနေနဲ့ လက်နက်ကိုင် ခုခံသည့် တော်လှန်ရေးကို ဆင်နွှဲခဲ့ ကြရပါတယ်။ တချိန်တည်းမှာလည်း နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးအရ အမြဲရှာနိုင်ရေးအတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများကိုလည်း ခေတ်အဆက်ဆက်က လုပ်ဆောင်ခဲ့ကြတာဟာ ယနေ့ထက်အထိ ဖြစ်ပါတယ်။ သို့ပေမဲ့၊ ၂၀၂၁ ခုနှစ်

ဖေဖော်ဝါရီလ (၁) ရက်နေ့မှာ အာဏာသိမ်းမှုကြောင့် နိုင်ငံရေး နောက်ကြောင်းပြန်ခဲ့ရပြီး ပြည်သူလူထုများကို ညှင်းပန်းနှိပ်စက်မှုတွေနဲ့ သတ်ဖြတ်မှုတွေက မြို့ကြီးပြကြီးအထိ ပြန့်နှံ့ဖြစ်ပေါ်နေပါတယ်။ ညှင်းပန်းနှိပ်စက်မှုတွေနဲ့ သတ်ဖြတ်မှုတွေဟာ ယခုထက်ထိတိုင် အတောမသတ်ပဲ ရှိနေပါတယ်။ နိုင်ငံရေး ပြဿနာတွေကို တွေ့ဆုံဆွေးနွေးလိုတဲ့ **နိုင်ငံရေးဆန္ဒ** (political will) မရှိသရွေ့ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုအပေါ် မျှော်လင့်ချက်တွေ ထားလို့ မရနိုင်ပါဘူး။ ဒါကြောင့်၊ မိမိတို့ အနေနဲ့ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုအတွက် လမ်းဖွင့်ထားပြီး တဖက်မှာလည်း မိမိတို့ ပြည်သူလူထုရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်တွေနဲ့ မိမိတို့ရဲ့ နေရပ်ဒေသကို ကာကွယ်ရမှာဖြစ်ပါတယ်။ ကော်မို စောဘဦးကြီးရဲ့ မူ (၄) ရပ်ကို လေးစား တန်ဖိုးထားနေကြတဲ့ မိမိတို့ အမျိုးသားများ အနေနဲ့လည်း ကော်မို စောဘဦးကြီးရဲ့ မူ အတိုင်း လိုက်နာလုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်။

အမျိုးသား လှုပ်ရှားမှု တလျှောက်လုံးမှာ မိမိတို့ရဲ့ အမျိုးသား ခေါင်းဆောင်ကြီးများဟာ အဖွဲ့အစည်း အတွင်း အခက်အခဲ အပါအဝင် ပြင်ပက အခက်အခဲတွေကိုပါ နှစ်ဖက်စလုံး ရင်ဆိုင်ခဲ့ကြရပါတယ်။ မိမိတို့ရဲ့ အဖွဲ့အစည်းကို သတ်လျှိုထိုးခွဲမှုတွေ ရှိခဲ့ပါတယ်။ အဖွဲ့အစည်း အားနည်းစေဖို့ မိမိတို့ရဲ့ စည်းလုံးညီညွတ်မှုတွေကို အားနည်းစေပြီး အင်အား ယုတ်လျော့စေဖို့အတွက် ထိုးနှက်ခံခဲ့ရတာတွေနဲ့လည်း ရင်ဆိုင်ခဲ့ရပါတယ်။ ဒီလို အခက်အခဲတွေကို ယနေ့ထက်ထိလည်း ရင်ဆိုင်နေရဆဲပဲ ဖြစ်ပါတယ်။ မိမိတို့ အမျိုးသားများအပြင် ခေါင်းဆောင်များအကြား ရှိနေကြတဲ့ နိုင်ငံရေး အသိအားနည်းမှု၊ ပညာပေးမှု အားနည်းမှု၊ အတတ်ပညာနဲ့ ငွေကြေးအားနည်းနေမှု တွေလည်းရှိနေပါတယ်။ ဒီလို အခက်အခဲနဲ့ ပြဿနာတွေက မိမိကိုယ်ကို မိမိ ယုံကြည်မှု၊ အချင်းချင်း အကြားယုံကြည်မှုအပြင် စည်းလုံးညီညွတ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုပါ ထိခိုက်စေပါတယ်။

မည်သို့ပင်ဖြစ်စေ၊ မိမိတို့ ကရင့်အမျိုးသားများအတွက် မိမိတို့ရဲ့ အမျိုးသားခေါင်းဆောင်များ၊ မျိုးချစ် စစ်သည်တော်များအပြင် မိမိတို့ရဲ့ ပြည်သူလူထုကြီးကလည်း အသက်၊ သွေးချွေးများကို ပေးဆပ်ကာ အသက်ဆုံးခန်းသည်အထိ ကြိုးပမ်းအားထုတ်နေကြတဲ့ အာဇာနည်တွေလည်း ရှိနေပါတယ်။ ပြည်တွင်းမှာ မိမိတို့ရဲ့ အမျိုးသားခေါင်းဆောင်တွေ၊ မျိုးချစ် စစ်သည်တော်တွေနဲ့ မိမိတို့ရဲ့ ပြည်သူလူထုကြီးအပြင် ပြည်ပနိုင်ငံ အသီးသီးမှာ သွားရောက်နေထိုင်နေကြတဲ့ မိမိတို့ လူမျိုးအပေါ် သစ္စာရှိနေကြတဲ့၊ မိမိတို့ရဲ့ ယုံကြည်ချက်နဲ့ မိမိတို့ အမျိုးသားများရဲ့ ရည်မှန်းချက်ပန်းတိုင်အတွက် ခိုင်ခိုင်မာမာ ရပ်တည်နေကြတဲ့ လူထုတွေရှိနေပါတယ်။ ဆင်းဆင်းရဲရဲနဲ့ အခက်အခဲကြားထဲက မိမိတို့နဲ့ အတူတကွ လက်တွဲပြီး ကြိုးပမ်းနေကြတဲ့ ခေါင်းဆောင်တွေ၊ စစ်သည်တော်တွေနဲ့ မိမိတို့ရဲ့ ပြည်သူလူထုကြီးလည်း ရှိနေပါတယ်။ မိမိတို့ရဲ့ ယုံကြည်ချက်နဲ့ မိမိတို့ အမျိုးသားများရဲ့ ရည်မှန်းချက် ပန်းတိုင်အပေါ် သစ္စာရှိရှိနဲ့ မားမားမတ်မတ် ရပ်တည်နေကြတဲ့ ပြည်တွင်းပြည်ပမှာ ရှိနေကြတဲ့ မျိုးချစ်ခေါင်းဆောင်တွေ၊ စစ်သည်တော်တွေနဲ့ ပြည်သူလူထုအားလုံးဟာ မိမိတို့ရဲ့ စစ်မှန်တဲ့ အဓိက အင်အားတွေဖြစ်ပြီး၊ မိမိတို့အမျိုးသား အာဇာနည်ကြီးများရဲ့ ယုံကြည်ချက်နဲ့ မျှော်မှန်းချက်ပန်းတိုင်ကို ပြီးမြောက်အောင်မြင်စေမည့် မျိုးချစ်များပဲဖြစ်ပါတယ်။

**မျိုးချစ် ကရင့်အမျိုးသား ခေါင်းဆောင်များ၊ ရဲဘော်များ၊ ကရင့်အမျိုးသားများနှင့် ပြည်သူလူထု အပေါင်းတို့**

ကရင်အမျိုးသားတွေဟာ မိမိတို့ရဲ့ ကိုယ်ပိုင် သမိုင်း၊ ယဉ်ကျေးမှုနဲ့ ဓလေ့ ထုံးတမ်းတွေရှိတဲ့ လူမျိုးတစ်မျိုးဖြစ်ပါတယ်။ မိမိတို့ရဲ့ ကိုယ်ပိုင် သမိုင်း၊ ယဉ်ကျေးမှုနဲ့ ဓလေ့ ထုံးတမ်းတွေကို ထိပါး နှောက်ယှက်ဖျက်ဆီးစေမည့်အရာ မှန်သမျှကို ကာကွယ်၊ တွန်းလှန်နိုင်တဲ့ အခွင့်အရေးနဲ့ တာဝန်ရှိပါတယ်။ မိမိတို့ ကရင့်အမျိုးသားများရဲ့ စည်းစိမ်ဥစ္စာနဲ့ ဖွံ့ဖြိုးတိုးတက်မှုအား ထိပါး နှောက်ယှက်လာမည့် အရာ မှန်သမျှကို ကာကွယ်ပြီး တွန်းလှန်ကြရမှာဖြစ်ပါတယ်။ မိမိတို့ ကရင့် အမျိုးသားများရဲ့ အသက်အန္တရာယ်နဲ့ နေရာဒေသတွေကို ကာကွယ်နိုင်တဲ့ အခွင့်အရေး အပြည့်အဝ ရှိပါတယ်။ မိမိတို့ ကရင်အမျိုးသားများ အနေနဲ့ မိမိတို့ ကရင်အမျိုးသားများရဲ့ ရည်မှန်းချက်ပန်းတိုင်နဲ့ မိမိတို့ ကရင့် အာဇာနည်များရဲ့ ရည်မှန်းချက်ပန်းတိုင်တွေ ပြီးမြောက် အောင်မြင်စေဖို့ စည်းစည်း လုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆုံးခန်းတိုင်သည်အထိ အတူတစ်ကွကြိုးပမ်းအား ထုတ်ကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး**

**ဥက္ကဋ္ဌ**

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**